KACHIN WOMEN'S ASSOCIATION THAILAND
P.O.BOX 415, CHIANG MAI 50000, THAILAND

**ဒီဇင်ဘာ ၁၉၊ ၂၀၂၄ ခုနှစ်။**

## အစီရင်ခံစာအသစ်- မြန်မာနိုင်ငံတဝှမ်း ပျံ့နှံ့လာသည့် တရုတ်ဇနီးမယားအဖြစ် အတင်းအဓမ္မ ရောင်းစားခံရခြင်း

## မြန်မာနိုင်ငံတဝှမ်း ပျံ့နှံ့လာသော တရုတ်ဇနီးမယားအဖြစ် ရောင်းစားခံရမှုများ

ကချင် အမျိုးသမီး အစည်းအရုံး - ထိုင်းနိုင်ငံ (KWAT) မှ ထုတ်ဝေထားသည့် "တရုတ် ဇနီးမယား အဖြစ် အတင်းအဓမ္မ ရောင်းစားခံရခြင်း" အစီရင်ခံစာသစ်တွင် ယခုနှစ် ကာလများအတွင်း အမျိုးသမီးများကို ဇနီးမယားများ အဖြစ် တရုတ်နိုင်ငံသို့ အတင်းအဓမ္မ ရောင်းစားနေမှုသည် မြန်မာနိုင်ငံဒေသအသီးသီးတွင် စိုးရိမ်ဖွယ် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားလာနေကြောင်း ဖော်ထုတ်ထားသည်။

၂၀၁၉ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်အတွင်း KWAT မှ ကူညီပေးခဲ့သည့် လူကုန်ကူးခံရသော ရှင်သန်လွတ်မြောက်သူ ၁၈၇ ဦးနှင့် ပြုလုပ်ထားသည့် ဆက်သွယ်မေးမြန်ချက်များအရ လွန်ခဲ့သောနှစ်များတွင် တရုတ်နိုင်ငံသို့ ဇနီးမယားအဖြစ် လူကုန်ကူးခံရမှု အများစုမှာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မှဖြစ်သော်လည်း ယခုနောက်ပိုင်းနှစ်များတွင် လူကုန်ကူးခံရသူ တဝက်ကျော်မှာ တရုတ်နိုင်ငံနှင့် နယ်နမိတ်ထိစပ်မှုမရှိသည့် ရန်ကုန်ကဲ့သို့သော အခြား မြန်မာနိုင်ငံဒေသ အသီးသီးမှ အမျိုးသမီးများ ပါဝင်နေသည်ကို တွေ့ရသည်။

၂၀၁၉ ခုနှစ်အထိ KWAT မှ ကူညီပေးခဲ့ရသော တရုတ်ဇနီးမယားအဖြစ် ရောင်းစားခံရသူအရေအတွက်မှာ ၃ ဆအထိ မြင့်တက်မှုရှိခဲ့သည်။ ကိုဗစ် ၁၉- ကပ်ရောဂါဆိုးကြောင့် နယ်စပ်ဂိတ်များပိတ်ခြင်းနှင့် ခရီးသွားလာမှု ကန့်သတ်ချက်များအပြင် ၂၀၂၁ ခုနှစ် စစ်တပ်အာဏာသိမ်းရန် ကြိုးပမ်းမှုနောက်ပိုင်း ဖြစ်ပွားသည့် စစ်ပဋိပက္ခများကြောင့် ထိုကာလများတွင် တရုတ်ဇနီးမယားအဖြစ် တရုတ်နိုင်ငံသို့ အတင်းအဓမ္မ လူကုန်ကူး ခံရမှုနှုန်း လျော့ကျမှုရှိခဲ့သော်လည်း ထိုအစား အမျိုးသမီးများသည် ရှမ်းပြည် အရှေ့မြောက်ရှိ တရုတ် ဦးစီးသည့် အွန်လိုင်းလိမ်လည်ဂိုဏ်းများရှိရာသို့ ရောင်းစားခံရမှုများ စတင်လာခဲ့သည်။

ဇနီးမယားအဖြစ် အတင်းအဓမ္မရောင်းစားခံရသူ အမျိုးသမီးအများစုမှာ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတဝှမ်းတွင် ယခင် ဆယ်စုနှစ် ပေါင်းများစွာကတည်းက ကြီးထွားလာခဲ့သည့် လူမှောင်ခိုဂိုဏ်းများနှင့် ချိတ်ဆက်နေသော ၎င်းတို့၏ ဆွေမျိုး သားချင်းများ (သို့မဟုတ်) "အသိမိတ်ဆွေများ" ကတဆင့် တိုက်ရိုက် စုဆောင်းခံရသူများ ဖြစ်ကြသည်။

အမျိုးသမီးအများစုသည် ဇနီးမယားအဖြစ် အတင်းအဓမ္မ ရောင်းစားမခံရမီ တရုတ်နိုင်ငံရှိ စက်ရုံများ (သို့မဟုတ်) လယ်ယာများတွင် လစာကောင်းကောင်းဖြင့် အလုပ်ပေးမည်ဆိုကာ နယ်စပ်ဖြတ်ကျော်ရန် သွေးဆောင်ဖျားယောင်းခံကြရသည်။ တရုတ်နိုင်ငံအရှေ့ပိုင်း စက်မှုဇုံများ၏ အလုပ်သမားလိုအပ်ချက်များကို ဖြည့်ဆည်းရန် မြန်မာနိုင်ငံမှ အလုပ်သမားများ တရားမဝင် ခေါ်ယူမှု တိုးမြင့်နေသည့် အခြေအနေသည် လူကုန်ကူးသူများအတွက် အမျိုးသမီးများကို အလွယ်တကူ ဖျားယောင်းသိမ်းသွင်းနိုင်သည့် အကြောင်းပြချက် တစ်ခုဖြစ်ခဲ့သည်။

နယ်စပ်ဖြတ်ကျော်ပြီးသည်နှင့် တပြိုင်နက် အမျိုးသမီးများသည် ၎င်းတို့ကို ဇနီးအဖြစ် ဝယ်ယူမည့်သူထံသို့ တိုက်ရိုက်ရောင်းစားခံရခြင်း (သို့မဟုတ်) ရောင်းစားမခံရမီ Henan သို့မဟုတ် Shandong ပြည်နယ်ကဲ့သို့သော ဝေးလံသည့် တရုတ်ပြည်အရှေ့ဘက်သို့ ကားဖြင့် ခေါ်ဆောင်သွားခြင်းခံကြရသည်။ အမျိုးသမီးများအနေဖြင့် တစ်ဦးလျှင် တရုတ်ယွမ် ၁ သောင်းမှ ၅ သိန်းအထိ ဈေးနှုန်းအမျိုးမျိုးဖြင့် ရောင်းစားခံကြရသည်။

အမျိုးသမီးများ ရောင်းစားခံကြရသည့် တရုတ်အမျိုးသား အများစုမှာ မိဘများနှင့် အတူနေထိုင်သည့် လယ်သမားများ ဖြစ်ကြသည်။ ရောင်းစားခံရသည့် အမျိုးသမီးများ အားလုံးနီးပါးမှာ ဆိုးဝါးစွာ ပြုမူ ဆက်ဆံခံကြရသည်။ အမျိုးသမီးများသည် လှောင်ပိတ်ခံရခြင်း၊ အတင်းအဓမ္မ လိင်ဆက်ဆံခံရခြင်း၊ ရိုက်နှက်ခံရခြင်းတို့ ရင်ဆိုင်ကြရပြီး ထိုအခြေအနေများကို ဆန့်ကျင်ပါကလည်း အခြားသော နည်းမျိုးစုံဖြင့်ပါ ညှဉ်းပမ်း နှိပ်စက်ခံရကြရသည်။

ထိုသို့သော အခြေအနေမှ ထွက်ပြေးလွတ်မြောက်နိုင်သော အဓိက နည်းလမ်းတစ်ခုမှာ တရုတ်ရဲများထံသို့ ကိုယ်တိုင် အဖမ်းခံခြင်းဖြစ်သော်လည်း ထိုသို့ ပြုလုပ်နိုင်သည့် သူများမှာ နှစ်ချီလှောင်ပိတ်ခံရသောသူများနှင့် ကလေး တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော ကလေးများကို မွေးဖွားပြီးမှသာ ပြုလုပ်နိုင်ကြသည်။

ရဲစခန်းသို့ ထွက်ပြေးရောက်ရှိလာသော အမျိုးသမီးများကို မြန်မာနိုင်ငံသို့ ပြန်မပို့မီ တရုတ်ရဲတပ်ဖွဲ့သည် ၎င်းတို့ကို အကျဉ်းထောင်များ (သို့မဟုတ်) စောင့်ရှောက်ရေးဂေဟာများတွင် တစ်နှစ်ခန့်အထိ ဖမ်းဆီးထိန်းသိမ်းထားပြီ တခါတရံ စိတ်ပိုင်းဆိုင်ရာ ကုစားရေးဌာနများတွင် ထိန်းသိမ်းခဲ့သည်။

ယခုအစီရင်ခံစာသုံးသပ်ချက်များအရ အမျိုးသမီးများအနေဖြင့် တရုတ်နိုင်ငံတွင် ရောင်းစားခံရခြင်းများ မြန်မာနိုင်ငံ၏ စီးပွားရေး အကျပ်အတည်းများ ပိုမို ဆိုးရွားလာသည့် အခြေအနေများကြောင့်ဖြစ်သည်။

ထို့ကြောင့် တရုတ်အစိုးရအနေဖြင့် နိုင်ငံခြားမှ အမျိုးသမီးများကို ဇနီးမယားအဖြစ် အတင်းအဓမ္မ လူကုန်ကူးနေမှုအပေါ် ထိထိရောက်ရောက် တိုက်ဖျက်ရန်နှင့် ပြင်းထန်သည့် အရေးယူမှုများ လုပ်ဆောင်ရန် အပြင် ဤအရေးကိစ္စအပေါ် ဒေသခံပြည်သူလူထုနှင့် တာဝန်ရှိသူများမှ မျက်ကွယ်ပြုနေခြင်းကို ရပ်တန့်ရန်အတွက် ထိရောက်သည့် လူထုအသိပညာပေးလှုပ်ရှားမှုများကို ပြုလုပ်ရန် မိမိတို့ KWAT မှ တိုက်တွန်းတောင်းဆိုသည်။

ထို့ပြင် တရုတ်အစိုးရအနေဖြင့် တရုတ်နိုင်ငံအတွင်း နိုင်ငံခြားလုပ်သားများ လိုအပ်သည့် နေရာဒေသအားလုံးသို့ မြန်မာနိုင်ငံသားများ တရားဝင် ဝင်ရောက် အလုပ်လုပ်ကိုင်နိုင်မည့် တရားဝင် လမ်းကြောင်းများကို တည်ဆောက်ရန်လည်း တိုက်တွန်းတောင်းဆိုထားသည်။ သို့မှသာ အမျိုးသမီးများအနေဖြင့် လူကုန်ကူးမှု အန္တရာယ်ဖြစ်စေသည့် လူမှောင်ခိုဂိုဏ်းများအပေါ် အားကိုးမှီခိုရန် မလိုအပ်တော့မည်ဖြစ်သည်။

တရုတ်ရဲတပ်ဖွဲ့အနေဖြင့်လည်း တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၏ ထိန်းချုပ်ဒေသများသို့ လူကုန်ကူးခံရသည့် ရှင်သန်လွတ်မြောက်သူများကို ပြန်လည်ပို့ဆောင်သည့်အခါ သက်ဆိုင်ရာ တိုင်းရင်းသား တော်လှန်ရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်ရန်လည်း KWAT မှ တိုက်တွန်း တောင်းဆို ထားသည်။

ဆက်သွယ်ရန်

အီးမေး - kwat.office@gmail.com

ဖုန်း - + ၆၆ (၀) ၆၄၉၇၀၉၆၂၅

San Htoi

Signal - (+၆၆ ၆၄ ၁၉၅ ၆၇၂၁)

Jessica Nhkum

Signal – (+၆၆ ၈၀၁၈ ၂၀၃၈၅)